# မြန်မာလူထုခေါင်းဆောင်၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင်
# ဒေါ်အောင်ဆန်းစုကြည်၏ (၆၄)နှစ်မြောက် မွေးနေ့
# ဆုတောင်းမေတ္တာပို့သပွဲ အခမ်းအနား

## တိုကျို၊ ဂျပန်

ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၄)နှစ်မြောက် မွေးနေ့အခမ်းအနားကို ဂျပန်နိုင်ငံ တိုကျိုမြို့တော် Shibuya တွင် တည်ရှိသော ကုလသမဂ္ဂ တက္ကသိုလ်(United Nations University) ရှေ့၌ ယနေ့ (၁၉-၆-၂၀၀၉) ညနေ (၅)နာရီမှ (၆)နာရီထိ ကျင်းပသည်။






ဒေါ်အောင်ဆန်းစုကြည် ကျန်းမာစေရန်၊ ဖမ်းဆီးထိန်းသိမ်းခံနေရာမှ အမြန်ဆုံးလွတ်မြောက်စေရန်၊ မြန်မာ့ဒီမိုကရေစီ အရေးကို ပိုမို ဦးဆောင်လှုပ်ရှားပေးနိုင်ရန် ဂျပန်နိုင်ငံရောက် မြန်မာဒီမိုကရေစီ အင်အားစုများ၏ ပူးပေါင်းလှုပ်ရှားမှု ကော်မတီ (Joint Action Committee - JAC) နှင့်အတူ ဒီမိုကရေစီလိုလားသော၊ ဒေါ်အောင်ဆန်းစုကြည်အား လေးစား ချစ်ခင်အားကိုးကြသော မြန်မာနှင့်ဂျပန်နိုင်ငံသား စုစုပေါင်း (၁၅၀)ကျော်က အခမ်းအနားတွင် ဆုတောင်း မေတ္တာပို့သ ကြသည်။




ပြည်ပရောက် မြန်မာဒီမိုကရေစီ အင်အားစုတို့၏ ထုံးစံအတိုင်း ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံအလံတော်နှင့် အမျိုးသားရေး တိုက်ပွဲဝင် ခွပ်ဒေါင်းအလံအား အလေးပြုကြသည်။ ထို့နောက် အမျိုးသား လွတ်မြောက်ရေးအတွက် အသက်စွန့် တိုက်ပွဲဝင်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၊ စစ်အာဏာရှင်စနစ်ကို တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ကြရသော ရဟန်းရှင်လူ ပြည်သူများနှင့် မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးတွင် အာဏာရှင်

ဆန္ဒကျင်ရေးအား ကြံ့ကြံ့ခံ အရှုံးမပေးတမ်း တိုက်ပွဲဝင်နေကြသည့် နိုင်ငံရေးအကျဉ်းသမားတို့အား အလေးပြုကြသည်။






ဒေါ်အောင်ဆန်းစုကြည်အတွက် ဘာသာပေါင်းစုံ ဆုတောင်းမေတ္တာပို့သသည့် အစီအစဉ်တွင် ဗုဒ္ဓဘာသာ၊ ခရစ်ယန် ဘာသာနှင့် မူစလင်ဘာသာတို့မှ သက်ဆိုင်ရာ ဓလေ့ထုံးစံများဖြင့် စည်းကမ်းတကျ ငြိမ်းချမ်းစွာ ဆုတောင်းကြသည်။







ဒေါ်အောင်ဆန်းစုကြည်၏ (၆၄)နှစ်မြောက်မွေးနေ့အတွက် ဖယောင်းတိုင် သက်စေ့ထွန်းညှိကြသည်။ မြန်မာ့ဒီမိုကရေစီ အရေးကို ထောက်ခံအားပေးကြသော ဂျပန်လွှတ်တော်အမတ်များအဖွဲ့က ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုချီးမြှင့် သည့် "ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးဆု"ကိုလည်း ယခုအခမ်းအနားတွင် ပြသသည်။







ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ-ဂျပန်)မှ အတွင်းရေးမှူး ကိုသောင်းမြင့်ဦး၊ မြန်မာ့ ဒီမိုကရေစီအရေးတွင် တက်ကြွစွာကူညီအားပေးနေသည့် Nomura နှင့် APFS မှ Yamaguchi တို့ကလည်း ဒေါ်အောင်ဆန်း စုကြည် မွေးနေ့အတွက် ဆုတောင်းရင်း တက်ရောက်လာကြသူများအား အားပေးတိုက်တွန်းစကားများ ပြောကြားသည်။








အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေး၊ နိုင်ငံရေး အကျဉ်းသမားများ လွတ်မြောက်ရေးနှင့် ဒီမိုကရေစီ အလံတော်အောက်တွင် စည်းလုံးညီညွတ်စွာ လှုပ်ရှားနိုင်ကြရေးတို့အတွက် ပူးပေါင်းလှုပ်ရှားမှု ကော်မတီ (JAC) မှ တိုက်တွန်းအားပေး နှိုးဆော် သွားသည်။ (အပြည့်အစုံကို အောက်ဆုံးတွင် ဖော်ပြထားပါသည်။)



အခမ်းအနား အစီအစဉ်တခုမှာ မွေးနေ့ရှင် ဒေါ်အောင်ဆန်းစုကြည်အား တိုင်တည်လျက် မတရားဖမ်းဆီးခံနေရသည့် နိုင်ငံရေးအကျဉ်းသမားတို့အတွက် ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတို့က အဓိဋ္ဌာန်ပြု သစ္စာဆိုခြင်း ဖြစ်သည်။ ထို့နောက် မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသမားအားလုံး ချွင်းချက်မရှိ အမြန်ဆုံး ပြန်လည် လွတ်မြောက်လာရေး၊ စစ်အာဏာရှင်လက်အောက်မှ မြန်မာနိုင်ငံသားများအားလုံး လွတ်မြောက်ရေးတို့အတွက် ငြိမ်းချမ်းရေး ငှက်ငယ်များ လွှတ်ကြသည်။



**ဒေါ်အောင်ဆန်းစုကြည်**

**ငြေ့နှစ်မြောက် မွေးနေ့**

**ဦးဝင်းတင်၏ အမှာစကား**

ဒေါ်စုမွေးနေ့မှာ ဒေါ်စုအကြောင်း အထူးသဖြင့်ကတော့ ဒေါ်စုရဲ့အရည်အချင်း သို့မဟုတ်လည်း ဂုဏ်သတ္တိ သို့မဟုတ်လည်း စိတ်ဓာတ်ကို ကျွန်တော်ပြောချင်ပါတယ်။ ဒေါ်စုရဲ့နိုင်ငံရေးဆောင်ရွက်ချက်တွေဆိုတာကတော့ ကမ္ဘာသိ ဖြစ်နေတဲ့အတွက် ကျွန်တော် မပြောတော့ဘူး။ ဒေါ်စုရဲ့စိတ်ဓာတ်အရည်အချင်းလေး ပြောချင်တယ်။ အဲဒီဟာက ဘာ လည်းဆိုလို့ရှိရင် ဒေါ်စုရဲ့စိတ်ဓာတ် အရည်အချင်းဟာ မကြောက်တရားဆိုတာ ဒါ အဓိကတခု ဖြစ်ပါတယ်။ ဒါ ထိပ်ဆုံး ကနေ ရှိတဲ့တရားပဲ။ ဒါ့အပြင်ကို သူ့မှာ ဖွဲ့သတ္တိတွေရှိတယ်၊ ဉာဏ်ပညာတွေ ကြီးတယ်၊ ရဲစွမ်းသတ္တိတွေ ရှိတယ်။ တာဝန် သိမှုတွေ ရှိတယ်။ စည်းကမ်းရှိမှုတွေရှိတယ် ဆိုတာဟာ ဒါ အလွန် အရေးကြီးတဲ့ သူ့ရဲ့စိတ်ဓာတ်သတ္တိတွေပဲလို့ ကျွန်တော် သတ်မှတ်ပါတယ်။ အဲဒီအတွက်လည်း ဒါကြောင့်လည်း ဒီလို သတ္တိတွေ ဂုဏ်သတ္တိတွေ ကြီးမားခြင်းကြောင်းလည်း ကျွန် တော်တို့တွေဟာ နိုင်ငံရေးအရ သူ့ထက် ဝါရင့်တဲ့ပုဂ္ဂိုလ်တွေရော၊ ဝါနုတဲ့ပုဂ္ဂိုလ်တွေရော၊ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေရော၊ အသက်ငယ်တဲ့ပုဂ္ဂိုလ်တွေရော တိုင်းသူပြည်သားအားလုံးရောက၊ နောက်တခါ ဒါ့အပြင်ကို ကမ္ဘာကပါ သူ့ကို ထောက်ခံ နေကြတာ၊ ဝိုင်းဝန်းနေကြတာ၊ ဝန်းရံနေကြတာ ဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဂျပန်ကဗျာနည်းပေါ့၊ ဟိုက္ကူကဗျာစပ်နည်းနဲ့ ဒေါ်စုရဲ့အရည်အချင်းတွေကို စပ်ထားတဲ့ ကဗျာလေးကို ကျွန်တော် ရွတ်ပြချင်ပါတယ်။ အဲဒါက ဘာလဲဆိုရင်

*'ရဲ' 'ဖွဲ့' 'ဉာဏ်' 'စည်း' 'တာ'*

*မကြောက်တရား တေးကဗျာ*

*မီးပုံထဲက ကြာ*

ဆိုပြီးတော့ ရေးထားပါတယ်။ အဲဒီကဗျာလေးက ဂျပန်ဟိုက္ကူကဗျာပုံစံနည်းနဲ့ ရေးထားတဲ့ကဗျာ ဖြစ်ပါတယ်။ အဲဒီထဲမှာ ရှေ့ဆုံးမှာပါတဲ့

'ရဲ' 'ဖွဲ့' 'ဉာဏ်' 'စည်း' 'တာ' ဆိုတာက

'ရဲ' ရဲစွမ်းသတ္တိရှိခြင်း၊ အလွန်ရဲရင့်ခြင်း၊ နောက်ပြီးတော့

'ဖွဲ့' ဆိုတာကတော့ ဖွဲ့သတ္တိကြီးမားခြင်း၊ ဒီနေ့အထိ မြန်မာပြည်အရေးကို နှစ်မြုပ်ပြီးတော့၊ ဘဝကို နှစ်မြုပ်ပြီးတော့၊ ဒီလောက် နှစ်ပေါင်း များစွာကြာအောင်၊ နှစ်ပေါင်း(၂၀)ကျော် ဟုတ်လား ကြာအောင် လုပ်နေတဲ့ ဖွဲ့သတ္တိ၊ နောက်တခါ

ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီကို ချစ်မြတ်နိုးသည့် တက်ကြွလှုပ်ရှားသူများကလည်း ဒေါ်အောင်ဆန်းစုကြည်၏ အတ္ထုပ္ပတ္တိ၊ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတကာမှ ချီးမြှင့်သည့် ဆုများစာရင်း၊ ဒေါ်အောင်ဆန်းစုကြည် မွေးနေ့

အတွက် ဦးဝင်းတင်၏ အမှာစကား၊ Paul McCartney သီဆိုသည့် Freedom သီချင်းစာသား၊ Rudyard Kipling ရေး၍ ဒေါ်အောင်ဆန်းစုကြည် ဘာသာပြန် ထားသည့် " If " ကဗျာစာသား အစရှိသည့်တို့ကို အခမဲ့ ဝေငှကြသည်။






တက်ကြွလှုပ်ရှားသူတဦးဖြစ်သော ကိုထွန်းငြိမ်းက သူကိုယ်တိုင်စပ်ထားသည့် ကဗျာတပုဒ်ကို ရွတ်ဖတ်သည်။ နောက်ဆုံးတွင် ဂျပန်နိုင်ငံရှိ မိုးသောက်ကြယ် စာကြည့်တိုက် မိသားစုတို့က သီချင်းဖြင့် ဖျော်ဖြေ၍ (၆၄)နှစ်မြောက် ဒေါ်အောင်ဆန်းစုကြည် မွေးနေ့အတွက် ဆုတောင်း မေတ္တာပို့သသည့် အခမ်းအနားကို ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီ အင်အားစုတို့က စည်းကမ်းတကျ ငြိမ်းချမ်း ညီညွတ်စွာဖြင့် အောင်အောင်မြင်မြင် ကျင်းပခဲ့ကြသည်။













ဂျပန်နိုင်ငံရောက် မြန်မာဒီမိုကရေစီ အင်အားစုများ၏ ပူးပေါင်းလှုပ်ရှားမှု ကော်မတီ

(Joint Action Committee - JAC)

# အမျိုးသမီးများကဏ္ဍ မြှင့်တင်ရေး

ဇွန်လ (၁၉)ရက်နေ့ ဒီကနေ့ဟာဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့ ဖြစ်ပါတယ်။ ဒေါ်စုဟာ မြန်မာနိုင်ငံသမိုင်းမှာ ဘယ်ခေတ်ဘယ်အခါမှ မရှိခဲ့ဘူးတဲ့ အထူးချွန် အပြောင်မြောက်ဆုံး ခေတ်သစ်နိုင်ငံရေးသမား၊ နိုဘဲလ် ငြိမ်းချမ်းရေးဆုရှင် ဖြစ်ပါတယ်။ ကမ္ဘာတဝှမ်းလုံးက ပြည်သူတွေ၊ နိုင်ငံတကာ ခေါင်းဆောင်တွေက လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေး ဂုဏ်ပြု ချီးမြှင့်ခံရသူတဦးလည်း ဖြစ်ပါတယ်။

မြန်မာပြည်သူတွေဟာ စစ်အာဏာရှင်စနစ်အောက်မှာ လူ့အခွင့်အရေးတွေ ဆုံးရှုံးနေရတာ၊ ဒီမိုကရေစီ ရပိုင်ခွင့်တွေ ဆုံးရှုံးနေရတာကို ဒေါ်အောင်ဆန်းစုကြည်က ကိုယ်ကျိုးမဖက် အနစ်နာခံပြီး စွမ်းစွမ်းတမံ ဦးဆောင် ဖော်ထုတ် ပြသပေးနေပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံကို ကမ္ဘာက အထူးစောင့်ကြည့်နေရတဲ့ အခြေအနေ ဖြစ်လာပါတယ်။ မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့နှစ်ပေါင်း(၂၀)ကစပြီး ကနေ့ထက်တိုင် ဒီမိုကရေစီရရှိရေး လှုပ်ရှားကြရာမှာ နိုင်ငံတကာကလည်း ဝိုင်းဝန်း အားပေးနေကြတုန်း ဖြစ်ပါတယ်။ ဒါတွေဟာ ဒေါ်အောင်ဆန်းစုကြည် ဆိုတဲ့ ဒီမိုကရေစီရဲ့ မီးရှူးတန်ဆောင်ကြောင့် ဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ အာဏာရှင်စနစ်အောက်က လူဖြစ်ရှုံးနေရတဲ့ မြန်မာပြည်သူတွေကို ဆင်းရဲတွင်းက ရုန်းထွက်နိုင်အောင်၊ တရားဥပဒေရဲ့အကာအကွယ်တွေကို ရနိုင်အောင် အဓိကအကျဆုံး နိုင်ငံရေးမျက်စိ ဖွင့်ပေးနိုင်ခဲ့သူဟာ ဒေါ်အောင်ဆန်းစုကြည် ပါဘဲ။

ဒီကနေ့ ကျမတို့ ဒီနေရာကို လာရောက်စုရုံးပြီး ဒီမိုကရေစီ လှုပ်ရှားမှုတွေ၊ လူ့အခွင့်အရေး လှုပ်ရှားမှုတွေ၊ အာဏာရှင်စနစ်တိုက်ဖျက်ပစ်ရေးတွေ လုပ်ဆောင်နိုင်တာဟာ ဒေါ်စုရဲ့ကျေးဇူးတွေ အများကြီး ပါပါတယ်။ ဒေါ်စုကြောင့် ကျမတို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ ပိုမို ထက်သန်လာပါတယ်၊ နည်းလမ်းတကျ ဖြစ်လာပါတယ်။ ရှင်းရှင်းပြောရရင် အမျိုးသားရေးတာဝန်တွေကို အုတ်တချပ် သဲတပွင့် ပါဝင်ထမ်းဆောင်နိုင်အောင် ကျမတို့ကို ရှေ့ကနေ ဦးဆောင် လမ်းပြပေးနေသူဟာ ဒေါ်အောင်ဆန်းစုကြည် ပါဘဲ။

မြန်မာအမျိုးသမီးတွေဟာ နိုင်ငံရေးမှာ အရည်အချင်းတွေ အပြည့်အဝ ရှိနေတယ် ဆိုတဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်က သူ့ဘဝနဲ့ရင်းပြီး သက်သေထူလိုက်တာပါဘဲ။ ဒါကြောင့် ကျမတို့ မြန်မာအမျိုးသမီးတွေဟာ ဒေါ်အောင်ဆန်းစုကြည်ကို အတုယူရင်း၊ နိုင်ငံရေး လက်ဆင့်ကမ်းအမွေကို လက်ခံရင်း မြန်မာ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ တရားဥပဒေရေးရာကိစ္စတွေမှာ လက်ရှိလှုပ်ရှားနေတာတွေထက် ပိုပြီး အရှိန်မြှင့်တင် လှုပ်ရှားကြဖို့ ကျမ အားပေးတိုက်တွန်းလိုက်ပါတယ်။

ဒီကနေ့ကျရောက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၆၄)နှစ်မြောက် မွေးနေ့အခါသမယမှာ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာစေဖို့၊ မတရား ဖမ်းဆီးခံနေရတဲ့ အဖြစ်ဆိုးက အမြန်ဆုံး လွတ်မြောက်ဖို့ ဂျပန်နိုင်ငံရောက် ကျမတို့ ဒီမိုကရေစီအင်အားစုတွေက လှိုက်လှိုက်လှဲလှဲ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

တဆက်တည်းမှာဘဲ

- နအဖ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေး အကျဉ်းသမားတွေကို ချွင်းချက်မရှိ အမြန်ဆုံး ပြန်လည် လွတ်မြောက်လာအောင်၊
- နအဖဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် သက်ဆိုင်သူတွေအားလုံးနဲ့အတူတကွ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး တွေ့ဆုံဆွေးနွေးမှုတွေကို အမြန်ဆုံး စတင်နိုင်အောင်၊
- ပြီးတော့ မြန်မာနိုင်ငံမှာ ပြည်သူတွေရဲ့ ဆန္ဒအတိုင်း စစ်မှန်တဲ့ ဒီမိုကရေစီကို အမြန်ဆုံး တည်ဆောက်နိုင်အောင်

လူတိုင်းလူတိုင်း မိမိတို့တတ်စွမ်းသမျှ ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ ဒီနေရာကနေ ကျမတို့ JAC က လေးလေးနက်နက်တိုက်တွန်းလိုက်ပါတယ်။

# နိုင်ငံရေး အကျဉ်းသမားများ လွတ်မြောက်ရေး

ဒီကနေ့ ဇွန်လ (၁၉) ရက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့မှာ ဝမ်းနည်းကြေကွဲဖို့ ကောင်းတာကတော့ မွေးနေ့ရှင်ဟာ မတရား ဖမ်းဆီးခံနေရတဲ့ နိုင်ငံရေး အကျဉ်းသမား ဖြစ်နေပါတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ ဒီမိုကရေစီ ရရှိရေးအတွက် မြန်မာပြည်သူတရပ်လုံးကို စွမ်းစွမ်းတမံ ဦးဆောင်လှုပ်ရှားနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို နအဖ စစ်အစိုးရက ဥပဒေ လက်တလုံးခြား နည်းအမျိုးမျိုးနဲ့ စွဲချက်တင် ဖမ်းဆီးထားလို့ ဖြစ်ပါတယ်။ စစ်အစိုးရက ဘာမှုနဲ့ဘဲ စွဲချက်တင် ဖမ်းဆီးပါစေ- ဒီမိုကရေစီ ရရှိအောင် နိုင်ငံရေးလုပ်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဘာပြစ်မှုကိုမှ ကျူးလွန်ခဲ့သူ မဟုတ်ပါဘူးဆိုတာ တကမ္ဘာလုံးက ကောင်းကောင်း သိနေကြပါတယ်။

နိုင်ငံရေးအကျဉ်းသမားဆိုတာ နိုင်ငံရေးယုံကြည်ချက်ကြောင့် နိုင်ငံရေးလှုပ်ရှားမှုကြောင့် ထောင်သွင်းအကျဉ်းချခံရတဲ့သူ၊ နေအိမ်မှာ အကျဉ်းချခံရတဲ့သူ၊ ထိန်းသိမ်းရေးစခန်းတခုမှာ ထိန်းသိမ်းခံနေရတဲ့သူကို ခေါ်ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးလှုပ်ရှားလို့၊ လူ့အခွင့်အရေးလှုပ်ရှားလို့၊ အလုပ်သမားအရေးလှုပ်ရှားလို့၊ ကျောင်းသားအရေး လှုပ်ရှားလို့၊ ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုပြုလို့၊ ကိုယ့်ရဲ့ယုံကြည်ချက်၊ ခံစားချက်ကို ထုတ်ဖော်ပြောဆိုပြသလို့ အာဏာရှင်တွေရဲ့ ဖမ်းဆီးခံရတဲ့သူတွေဟာ ထောင်နဲ့ချီပြီး ရှိပါတယ်။

ဒီလူတွေဟာ ယုံကြည်ချက်ကြောင့် အကျဉ်းချခံနေရတဲ့သူတွေပါ။ နိုင်ငံရေးအကျဉ်းသားတွေဟာ ယုံကြည်ချက်ကြောင့် အကျဉ်းချခံရတဲ့သူတွေထဲမှာ ပါဝင်ပါတယ်၊ မြန်မာနိုင်ငံရဲ့ထူးခြားတဲ့အခြေအနေတွေကြောင့် ဘယ်သူတွေဟာ ဘယ်လို လှုပ်ရှားမှုကိုပဲလုပ်လုပ် ဒီလိုလှုပ်ရှားမှုတွေရဲ့ ရေသောက်မြစ်ဟာ နိုင်ငံရေးနောက်ခံ အကြောင်းရင်း ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာပြည်မှာ ကြုံတွေ့ရင်ဆိုင်နေရတဲ့ အကျပ်အတည်းပေါင်းစုံဟာ နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာရတာတွေ ဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ မြန်မာပြည်ထဲမှာ ဖမ်းဆီးခံနေရ ထောင်ချခံနေရတဲ့သူတွေဟာ နိုင်ငံရေးကြောင့် ဖြစ်ကြပါတယ်။ နိုင်ငံရေးနဲ့ ဆက်နွယ်နေလို့ ဖြစ်ကြပါတယ်။ အဲဒီလို ဖမ်းဆီးထောင်ချခံထားရတဲ့အရေအတွက်ဟာ ၂၀၀၀ ကျော် ရှိပါတယ်၊ ဒီဟာက မြန်မာနိုင်ငံမှာ နိုင်ငံရေးပြဿနာဟာ ဘယ်လောက်ကြီးမားနေသလဲဆိုတာကို ဖော်ပြနေပါတယ်။

ဒီလိုပဲ နိုင်ငံရေးအကျဉ်းသားတွေများပြားနေတယ်ဆိုတာ လက်ရှိအာဏာပိုင်တွေဟာ သူတို့နဲ့သဘောထားကွဲလွဲတဲ့ သူတွေအပေါ် သည်းခံမှုနည်းပါးတယ်၊ အကြောင်းအမျိုးမျိုးနဲ့ ဥပဒေပုဒ်မတွေ အမျိုးမျိုးတပ်ပြီး စွဲချက်တင် ဖမ်းဆီး နေတာဟာ မြန်မာနိုင်ငံတွင်းမှာ တရားဥပဒေစိုးမိုးမှု မရှိတာကို ဖော်ပြနေပါတယ်။ အာဏာပိုင်တွေက ဥပဒေကို သူတို့ထင်တိုင်း စိတ်ကြိုက်သုံးနေတာဟာ ကျနော်တို့နိုင်ငံ အနာဂတ်အတွက် အင်မတန်စိုးရိမ်စရာ ကောင်းလှပါတယ်။

ဒီမိုကရေစီမှာ နိုင်ငံတွင်းမှာ လူ့အဖွဲ့အစည်းအတွင်းမှာ တယောက်နဲ့တယောက် အမြင်ချင်းမတူ သဘောထားချင်း မတူတဲ့အခါ အပြန်အလှန် နားလည်မှုရှိဖို့ လိုပါတယ်။ အပြန်အလှန် လေးစားမှုရှိဖို့ လိုအပ်ပါတယ်။ သည်းညည်းခံစိတ် ရှိရပါမယ်။ စိတ်ရှည်ရပါမယ်။ ဒါကြောင့် စိတ်ရှည်သည်းခံဖို့ဟာ ဒီမိုကရေစီထူထောင်ဖို့ ကြိုးပမ်းနေတဲ့ ကျနော်တို့တတွေ အတွက် ဒီမိုကရေစီ ထူထောင်နေပါတယ်လို့ပြောတဲ့ မြန်မာပြည်က အာဏာရှင်တွေအတွက် အလွန်ကိုအရေးကြီးတဲ့ အလေ့အကျင့်လုပ်ဖို့လိုတဲ့ ကျင့်စဉ်တရပ် ဖြစ်ပါတယ်၊ ဒါဟာ တာဝန်တရပ်ပါ။ သဘောထားကွဲလွဲမှုတွေကို နားလည်မှု မပေးပဲနဲ့၊ စိတ်ရှည်သည်းခံမှုမရှိပဲနဲ့ ဒီမိုကရေစီကို ထူထောင်လို့ မအောင်မြင်ပါဘူး။

တရားဥပဒေစိုးမိုးမှုမရှိပဲနဲ့ လူ့အဖွဲ့အစည်းထဲမှာ ဒီမိုကရေစီကို ထူထောင်ဖို့ရာ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီမှာ လွတ်လပ်ခွင့်တွေ၊ ရပိုင်ခွင့်တွေအတွက် အာမခံပေးထားရပါတယ်။ အဲဒါတွေကို လူတိုင်း တန်းတူရရှိခံစား နိုင်ဖို့ အတွက် တရားဥပဒေ စိုးမိုးရေးဟာ အရေးကြီးပါတယ်၊ ဒီလိုပဲ ကိုယ်ရရှိထားတဲ့ အခွင့်အရေးတွေ ရပိုင်ခွင့်တွေကို အလွဲသုံးပြီး တပါးသူတွေကို နစ်နာအောင် လုပ်တာမျိုးတွေကနေ အကာအကွယ်ပေးဖို့ တရားဥပဒေစိုးမိုးဖို့ လိုအပ်ပါတယ်၊

ဒါကြောင့် ကျနော်တို့တတွေဟာ ဒီမိုကရေစီကို အခြေခံခိုင်ခိုင်နဲ့တည်ထောင်နိုင်ဖို့အတွက်ဆိုရင် တရားဥပဒေစိုးမိုးရေးကို အရေးကြီး တာဂန်တရပ်အနေနဲ့ အလေးထား လုပ်ဆောင်ရပါမယ်။ မြန်မာပြည်ထဲမှာတော့ ကျနော်တို့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ နအဖစစ်အာဏာပိုင်တွေရဲ့ တဘက်သတ် တရားစီရင်မှုတွေကို ခံနေရပါတယ်။ သူတို့တတွေရဲ့ တရားမဲ့လုပ်ရပ်တွေကို နိုင်ငံတကာအသိုင်းအဝိုင်းက လက်မခံတဲ့အတွက် အခုအခါ ဒေါ်စုကို လွှတ်ပေးဖို့ တောင်းဆိုတာတွေဟာ ပိုပြီးတော့ ကျယ်လောင်လာနေပါတယ်။ ကျနော်တို့တတွေ ကိုယ်တိုင်ကလည်း ကိုယ့်ရဲ့ ခေါင်းဆောင် လွတ်မြောက်ရေးအတွက် တောင်းဆိုလှုပ်ရှားနေကြပါတယ်။ အဲဒီလိုပဲ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက်ကိုလည်း တောက်လျှောက် တောင်းဆို လှုပ်ရှားနေကြပါတယ်။ ဒါဟာ ဘာကြောင့်လည်းဆိုတာ ကျနော်တို့ တတွေကိုယ်တိုင်က ကောင်းကောင်း နားလည်သဘောပေါက်ထားဖို့လိုအပ်ပါတယ်။

နိုင်ငံရေးပြသနာကို ဖြေရှင်းရေးမှာ နိုင်ငံရေးအကျဉ်းသားတွေလွတ်မြောက်ရေးဟာ အရေးပါတဲ့ နိုင်ငံရေးလုပ်ငန်းစဉ် တခုထဲမှာ ပါဂင်ပါတယ်၊ ဒါကြောင့် နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်ရေးအတွက် ပြည်တွင်းပြည်ပဒီမိုကရေစီ အင်အားစုတွေက တစိုက်မတ်မတ် တောင်းဆိုနေတာပါ၊

ဒီကနေ့ကျရောက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့မှာ ဒေါ်စုလွတ်မြောက်ရေးအတွက် ဆုတောင်းကြတာ၊ ဆန္ဒပြကြတာဟာ ကောင်းမွန်လှပါတယ်။ ဒီလိုပဲ နိုင်ငံရေးအကျဉ်းသားတွေအတွက် ကျနော်တို့တတွေ တောင်းဆို ဆုတောင်းတာတွေ လုပ်နေခဲ့ကြတယ်ဆိုတာ အားလုံးအသိပါပဲ။

ဒါပေမဲ့ ဒီလိုတောင်းဆို ဆုတောင်းနေရုံနဲ့မလုံလောက်ပါဘူး၊ စစ်အာဏာရှင်တွေက ဒေါ်စုနဲ့တကွ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးလာဖို့ ပြည်တွင်းပြည်ပ ဖိအား တိုးတက်လာရေးကို ဘက်ပေါင်းစုံက ဝိုင်းဝန်းလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်တုန်းက ဦးဂင်းတင်ဟာ ရောဂတီစာစောင်နဲ့ အမေးအဖြေလုပ်တုန်းက နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ စစ်အာဏာပိုင်တွေအပေါ် ဖိအားတွေ ဆက်လက်ပေးနိုင်ဖို့ လုပ်ရမယ်ဆိုပြီး ပြောခဲ့ပါတယ်။

ဦးဂင်းတင်ဟာ ကျနော်တို့ရဲ့ဒီမိုကရေစီခေါင်းဆောင်တဦးပါ။ ကျနော်တို့ရဲ့ခေါင်းဆောင်တဦးပြောတဲ့ စကားဟာ နိုင်ငံခြားမှာ ရောက်နေတဲ့ ကျနော်တို့တတွေအတွက် ပြောလိုက်တဲ့ အမှာစကားလို့ မှတ်ယူတတ်ဖို့ လိုအပ်ပါတယ်။ စစ်အာဏာရှင် နအဖအပေါ် နိုင်ငံတကာရဲ့ဖိအား ဆက်လက်ကျရောက်နေဖို့ ကျနော်တို့တတွေ ရောက်ရှိနေထိုင်နေတဲ့ နိုင်ငံရဲ့အစိုးရတွေကို စည်းရုံးဆွဲဆောင်နိုင်ဖို့ လိုအပ်ပါတယ်၊ ဒါဟာ ကျနော်တို့တတွေရဲ့ လတ်တလော တာဝန်ပါ။

ဂျပန်အစိုးရက နအဖ စစ်အာဏာရှင်တွေအပေါ် ဒေါ်စုနဲ့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ ပြောဆိုတိုက်တွန်း ဖိအားပေးလာအောင် ကျနော်တို့တတွေက ဂျပန်အစိုးရကို ပြည်တွင်းအခြေအနေတွေ၊ သတင်းအချက်အလက်တွေ ပေးဖို့ လိုပါတယ်၊ သုံးသပ်ချက်တွေ အမြင်တွေကို ပေးပို့နိုင်ဖို့ လိုပါတယ် ဖြစ်နိုင်ခြေရှိတဲ့ နည်းလမ်းတွေကို အကြံပေး တိုက်တွန်းဖို့ လိုအပ်ပါတယ်။ ဂျပန်အစိုးရက လက်တွေ့ လုပ်ဆောင်လာအောင် တွန်းအားပေးရပါမယ်။ ဒီအတွက် ကျနော်တို့အားလုံး အာရုံစိုက်ပြီး ဝိုင်းဝန်းလုပ်ဆောင်နိုင်ရပါမယ်။ တယောက်နဲ့တယောက် သတင်း အချက်အလက် မျှဝေပေးတာတွေ၊ အမြင်ချင်းဖလှယ်တာတွေ၊ အပြန်အလှန်ဆွေးနွေးတာတွေ၊ အကြံပေးတာတွေ လုပ်နိုင်ရပါမယ်။

ဒီလိုလုပ်နိုင်မယ်ဆိုရင် ကျနော်တို့ဟာ လတ်တလော လုပ်ဆောင်ဖို့ လိုအပ်တဲ့ ဒေါ်စုနဲ့နိုင်ငံရေးအကျဉ်းသမားတွေ လွတ်မြောက်ရေးအတွက် လက်တွေ့လုပ်ဆောင် ကြိုးပမ်းရာရောက်သလို ကျနော်တို့ရဲ့ နိုင်ငံရေးဆိုင်ရာ စဉ်းစားတွေးတောမှုတွေ တိုးတက်လာအောင် လုပ်ရာလည်း ရောက်ပါတယ်။ ကျနော်တို့ ယုံကြည်တဲ့ ကျနော်တို့ လိုချင်တဲ့ ဒီမိုကရေစီအတွက် အလေ့အကျင့်လုပ်ရာလည်း ရောက်ပါတယ်။

နိုင်ငံရေး အကျဉ်းသမား ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၆၄)နှစ်မြောက်မွေးနေ့မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ အခြား နိုင်ငံရေး အကျဉ်းသမားတွေအားလုံး ချွင်းချက်မရှိ အမြန်ဆုံး လွတ်မြောက်လာအောင် တတ်နိုင်သမျှ ဝိုင်းဝန်း ကြိုးပမ်းကြဖို့ ဂျပန်နိုင်ငံရောက် ကျနော်တို့ မြန်မာ့ဒီမိုကရေစီအင်အားစုများ ပါဝင်တဲ့ JAC က အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

# ဒီမိုကရေစီ အလံတော်အောက်တွင် စည်းလုံးညီညွတ်စွာ လှုပ်ရှားနိုင်ကြရေး

ဒီကနေ့ကျရောက်တဲ့ (၆၄)နှစ်မြောက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ (၆၄)နှစ်မြောက် မွေးနေ့အခါသမယမှာ ရန်ကုန်မြို့ အင်းစိန်ထောင်ကြီးမှာ အကျဉ်းချခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာစေဖို့၊ မတရားဖမ်းဆီးခံနေရာက အမြန်ဆုံး ပြန်လည်လွတ်မြောက်လာစေဖို့ ဂျပန်ရောက် မြန်မာ့ဒီမိုကရေစီအင်အားစုတွေဖြစ်တဲ့ ကျနော်တို့ JAC က လှိုက်လှဲစွာ ဆုတောင်းကောင်း တောင်းလိုက်ပါတယ်။

မြန်မာနိုင်ငံသားတွေ ဒီမိုကရေစီ ရရှိရေးအတွက် စွမ်းစွမ်းတမံ ဦးဆောင်လမ်းပြနေတဲ့ ဒေါ်အောင်ဆန်းစုကြည်က ၂၀၀၂ ခုနှစ်တုန်းက တိုက်တွန်းခဲ့ဖူးတာ ရှိပါတယ်။ ဒီမိုကရေစီ ရရှိလာအောင် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးက တတ်နိုင်သမျှ ကြိုးစားကြဖို့၊ ဝိုင်းဝန်းကူညီကြဖို့၊ မတရားတာတွေကို ရပ်ကြည့်မနေဖို့၊ လစ်လျူမရှုဖို့၊ တရားဥပဒေဘောက်ကနေ ပြောဆို ရပ်တည်ပေးကြဖို့၊ တနည်းနည်းနဲ့ ဒီမိုကရေစီရရှိအောင် လုပ်ကြဖို့ မှာထားခဲ့ပါတယ်။ မြန်မာနိုင်ငံ အေးချမ်းသာယာ ဝပြောစေချင်တဲ့ ရည်ရွယ်ချက်ကြောင့် ဒီမိုကရေစီ ရချင်တာလို့လည်း ထပ်ပြောခဲ့ပါတယ်။

ဒါကြောင့် ဒီမိုကရေစီ ရရှိဖို့ဆိုတာ ကျနော်တို့ မြန်မာနိုင်ငံသားအားလုံးအတွက် မလွှဲမရှောင်အပ်တဲ့ အမျိုးသားရေး တာဝန်ကြီး ဖြစ်လာပါတယ်။ ဒီမိုကရေစီ ရရှိမှ ဒေါ်အောင်ဆန်းစုကြည် မှာထားသလို မြန်မာနိုင်ငံကြီးဟာ တရားဥပဒေ စိုးမိုးမှုအောက်မှာ လူတိုင်းလူတိုင်းဟာ လူ့အခွင့်အရေးတွေ အပြည့်အဝ အာမခံချက်ရှိရှိနဲ့ နေနိုင်ကြမှာ ဖြစ်ပါတယ်။

ဒီတော့ ကျနော်တို့ဟာ ဒီမိုကရေစီ ရရှိရေးကို တနည်းနည်းနဲ့ မဖြစ်ဖြစ်အောင် ကြိုးပမ်းကြရပါတော့မယ်။ ဒီကနေ့က စလုပ်လည်း အချိန်မနှောင်းသေးပါဘူး။ ပထမဆုံးအနေနဲ့ ဒီမိုကရေစီ ရရှိရေးဟာ နိုင်ငံသားတိုင်းရဲ့ အမျိုးသားရေး တာဝန်တရပ်လို့ ပြတ်ပြတ်သားသား ခံယူချက် ထားရပါမယ်။

ဒုတိယအချက်ကတော့ ဒီမိုကရေစီ ရရှိအောင် နည်းလမ်းတွေ ရှာဖွေပြီး လုပ်ဆောင်ရာမှာ ကျနော်တို့ဟာ ဒီမိုကရေစီ ကျင့်စဉ်တွေကို အခြေခံရပါမယ်။ လူတိုင်းလူတိုင်း တန်းတူညီမျှခွင့် ပေးရပါမယ်။ လူတဦးချင်း၊ တဖွဲ့ချင်းရဲ့ လွတ်လပ်ခွင့်တွေကို လေးစားရပါမယ်။ လွတ်လပ်စွာ ခံယူထားတဲ့အပေါ် တယောက်နဲ့တယောက် တဖွဲ့နဲ့တဖွဲ့ မတူကွဲပြားတတ်တာတွေကို လက်ခံတတ်ရပါမယ်။ အများစုရဲ့သဘောကို အနည်းစုက လိုက်လျောအားပေးဖို့ လိုအပ်သလို အနည်းစုရဲ့ ဆန္ဒကိုလည်း မပစ်ပယ်ဘဲ ထိုက်သင့်သလို အလေးအနက် ထားရပါမယ်။

တတိယအချက်ကတော့ အဖွဲ့အစည်းတွေရဲ့ခေါင်းဆောင်တွေနဲ့ သက်ဆိုင်ပါတယ်။ ခေါင်းဆောင်တိုင်းဟာ ဗိုလ်ချုပ် အောင်ဆန်း ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးဝင်းတင်၊ မင်းကိုနိုင်၊ ကိုကိုကြီးတို့လို ခေါင်းဆောင်အရည်အချင်းနဲ့ ပြည့်ဝပြီး လူထုတရပ်လုံးက စံနမူနာယူစရာ ဖြစ်နေရပါမယ်။ ဒါမှလည်း လူထုက တခဲနက် ပါဝင်ထောက်ခံလာမှာဖြစ်လို့ လူထုလှုပ်ရှားမှုနဲ့ ဒီမိုကရေစီအောင်ပွဲ ရလာမှာ ဖြစ်တဲ့အပြင် အင်မတန်ကောင်းမွန်တဲ့ နိုင်ငံ့သမိုင်းကိုပါ တည်ဆောက် နိုင်မှာ ဖြစ်ပါတယ်။

စတုတ္ထအချက်ကတော့ လှုပ်ရှားမှုတွေမှာ ပါဝင်ဦးဆောင်နေကြတဲ့ ခေါင်းဆောင်တိုင်းဟာ ဒီမိုကရေစီကျင့်စဉ်အရ မတူ ကွဲပြားတာတွေကို အပြည့်အဝ နားလည်ပြီး လက်ခံပေးကြဖို့၊ မတူတဲ့ပြားနေတဲ့ တဦးချင်း၊ တစုချင်းမှာ အင်အားတွေ ကိုယ်စီ ရှိနေကြတာကို အတတ်နိုင်ဆုံး စုစည်းပြီး အင်အားသစ်တရပ်ကို ဖော်ထုတ် အသုံးချကြဖို့၊ မျိုးဆက်သစ် လူငယ် တွေကို လက်တွဲခေါ် အားပေးနိုင်ကြဖို့ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည် မတရား ဖမ်းဆီးချုပ်နှောင်ခံနေရတာဟာ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးအတွက် အကြီးအကျယ် ဟန့်တား ပိတ်ဆို့ခံနေရတာပါဘဲ။ ဒါကြောင့် စစ်တပ်အပါအဝင် နိုင်ငံ့ဝန်ထမ်းအားလုံး၊ ရဟန်းရှင်လူ ပြည်သူအပေါင်းက

- ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးကို အမျိုးသားနိုင်ငံရေးတရပ်လို့ သဘောထားကြပါ၊
- မတူကွဲပြားတာတွေကို လက်ခံအားပေးပြီး တစုတစည်းတည်း လှုပ်ရှားကြပါ၊
- ဒီမိုကရေစီ ရရှိရေးအတွက် တတ်နိုင်သမျှ ဝိုင်းဝန်းကူညီ ပံ့ပိုးကြပါလို့ ဂျပန်နိုင်ငံရောက် ကျနော်တို့ JAC မြန်မာ့ ဒီမိုကရေစီ အင်အားစုတွေက အလေးအနက် တိုက်တွန်းလိုက်ပါတယ်။